

ဆွေမင်းဝေနမြူ
ဖြိုင်ရာရာ
ကျွန်ုပ် နှင့်
ကျားဖြူရှင်သိုက်
အသစ်စက်စက် စ-ဆုံး ရုပ်ပြ
ပ+ဒ+တ+စ
ပေါင်းချုပ်ထားသည်
ကာတွန်း-ဆွေမင်းဝေနမြူ

အခန်း ( ၁ )    မုဆိုးရာသီ၏ အစ





တစ်နေ့သ၌၊ ကျွန်ုပ်လည်းအိမ်ရှေ့ကွပ်ပျစ်ဝယ်
ထိုင်ကာ.. အပန်ရည်ကိုသောက်ရင်းပြာလွင်သောကောင်း
ကင်တွင် တိမ်မိုင်ဖြူဖြူများလွင့်ပါးနေသည်ကိုငေး
မောကြည့်ကာ.. ကျွန်ုပ်ဘဝကိုပြန်လည်စဉ်းစား
သုံးသပ်နေမိတော့၏ ။


ကျွန်ုပ်ကား ကြံ့တိုင်းတွင်မွေး၊ ကြံ့တိုင်းတွင်ကြီးပြင်းခဲ့သည့်ကြံ့တိုင်းဇာတိ။
ဤတော၊ ဤတောင် ဤဒေသကား ကျွန်ုပ်ကျင်လည်ပျော်မွေ့ရာလောကသာတည်း။
ကမ္ဘာကြီးကား ကြီးမား၏။ ကျယ်ပြော၏။ တစ်ခါတစ်ရံ ရုပ်မြင်သံကြား.. နိုင်ငံခြားသတင်းများကြည့်မိပါမှ ကမ္ဘာကြီးကို သတိပြုမိ၏။ ယနေ့ကမ္ဘာ၏တိုးတက်မှုများကား အံ့မခန်း။
သို့သော် ထိုတိုးတက်မှုများသည် ကျွန်ုပ်နှင့်လားလားမျှ မဆိုင်သယောင် ပါတကား။ ကျွန်ုပ်အိမ်တွင်ရေခဲ သေတ္တာမရှိ၊ လျှပ်စစ်မီးမရှိ။ တယ်လီဖုန်းမရှိ။
ဘာဘာ ဘာမှမရှိတဲ့ အိမ်ပေါ့လေ.. ဟီး..
ယုတ်စွအဆုံး.. TV ကြည့်ချင် လျှင်ပင် သူကြီးအိမ်သွားကြည့် ရ၏။
သို့သော်။ ဤ သို့သော်ကားလူတစ်ဦး၏ ဘဝအတွက်များစွာအရေးကြီးသည်ဟု ကျွန်ုပ်ထင်မိချေ၏.. ရှင်းပါအံ့။

ကျွန်ုပ်တွင်ရုပ်ဝတ္ထုပိုင်ဆိုင်မှုဟူ၍ ဘာမျှမရှိ ။ သို့သော် ကျွန်ုပ်တို့ ၊ မိသားစု၏ရောင့်ရဲတင်းတိမ်မှု ကြောင့်အေးချမ်း၏ ။ သာယာ၏ ။ ဓားဝင်အိပ်ပျော်ကာအပူအပင်ကင်း သောဘဝလေးကိုပိုင်ဆိုင်ခွင့်ရ ချေ၏ ။




တချို့လူတွေကချမ်းသာပါ၏ ။ သို့သော် သိန်းတစ်ထောင်ရှိ သူကနှစ်ထောင် .. နှစ်ထောင် ရှိသူကသုံးထောင် ပို၍ချမ်းသာ ချင်နေသောထိုလူများသည် ဘဝတွင် ကျွန်ုပ်တို့လောင်ဓားဝင် အိပ်ပျော်ပြီးအပူအပင်ကင်းနေ ရမည် မထင် ။



ကျွန်ုပ် မဟေသီမသေးမျှင် မှာ တိုက်ဆောက် ကားစီးနိုင်မှ ပျော်တတ်သူမဟုတ် ။ မီးဖိုချောင် တွင် ဆန် ၊ ဆီ ၊ အသင့်ရှိလျှင် ကျေနပ်နေချေပြီ ။



တပည့်ကျော်ကတော့ပိုရှင်း၏ ။ ပိုးပန်းစရာမိန်းမပျို ရှိနေလျှင် ပင် သူ့ဘဝအတွက်ပြီးပြည့်စုံ ပြီဟုယူဆထားသူပါတည်း ။




ထို့ကြောင့်.. လောကတွင်မဆုံး
နိုင်အောင် ပေါ်ထွန်းနေသော
ရုပ်ဝတ္ထုပစ္စည်းများနောက်
ကောက်ကောက်ပါအောင်
လိုက်ရင်း လောဘဓါလောင်
မြိုက်မှုဖြင့် အေးငြိမ်းရာမရ
နိုင်ရှာသော လူတချို့၏ဘဝကို
ဆင်ခြင်မိချေရာက..
ရခဲလှသော ဘဝတိုတိုလေးကို
ရောင့်ရဲတင်းတိမ်မှုဖြင့်အေး
ချမ်းစွာ ဖြတ်သန်းနေသော ကျွန်ုပ်
ဘဝလေးကို ကျေနပ်နှစ်သိမ့်နေခိုက်..
ကျေနပ်
တယ်..
ဟီး..
စိတ်ကူး အတွေးကြည်နူးကောင်းနေတုန်း
နှောင့်ယှက်ခံလိုက်ရသဖြင့်.. ကျွန်ုပ်လည်း
ဒေါ်ပွသွားပြီ။
အသံမာမာဖြင့်ဟောက်လိုက်
သော်လည်း ကျွန်ုပ်ကို.. ဘယ်
တုန်းကမှကြောက်ပုံမပေါ်
သောမသေးမျှင်က..
ဘာတုံး.. လုပ်မနေနဲ့လေ
ရှင်က.. ဒီအတိုင်းပဲ
နေတော့မှာလား
၄


မိတ်အချင်းပေါက်သွားသဖြင့် ကျွန်ုပ်လည်း မသေးမျှင်စကားကိုအငေါ်တူးမိချေတော့၏။
ဟာ ကျွန်ုပ်က ဒီအတိုင်း မနေလို့.. ဘုန်းကြီးဝတ်ပြီး တောထွက်ရမှာလား
ဒါမှမဟုတ်.. နောက်မိန်းမယူရမှာလား ကဲ.. ပြောစမ်း
ပိုင်တယ်ကွာ ဟင်းဟင်း..
ဒီမှာအဝိုတွေ ပြောမနေနဲ့.. အဲဒီနှစ်ခု စလုံးမဖြစ်နိုင်တာ တွေချည်းပဲ..
ဘုန်းကြီးဝတ်ရအောင်.. ရှင်က.. ငါးပါး သီလတောင် မှန်မှန် ဆိုတတ်လို့လား ကဲ.. ပြောစမ်း..
နောက်မိန်းမယူဖို့ ဆိုတာက ပိုတောင်ဝေး သေးတယ်.. လျှောက်မပြော နဲ့.. လူကြားရင်ရယ်စရာ ဖြစ်မယ် နားလည် လား..
နိပ်ကွပ် နေပြီ.. ဟီး..


ဒီမှာ.. ရှင်သိထားဖို့က.. ကျွန်မသာ မျက်စိမှောက်ပြီး.. ရှင့်ကိုမယူခဲ့ရင် ရှင်.. ခုထိ.. လူပျိုကြီးဘဝက ကျွတ်မှာ မဟုတ်ဘူးဆိုတာ မှတ်ထားလိုက်..
ဆက်ပြောနေလျှင် ကျွန်ုပ်သာ ရှုံးမည်မှာသေချာနေပြီဖို့ ။
မိန်းမနယ်.. ကိုယ့်ယောကျ်ား ဒီလောက် အထင်ကြီးရလား ဟဲ.. ဟဲ.. ကဲ.. ပြော.. ကိုကိုဘွတ်ဘာလုပ်ပေးရ မှာလဲ..
အလိုတော်.. ကြီးကြီးကျယ်ကျယ်ပြောပြန်ပါပြီ ရှင်က.. ဘာလုပ်တတ်လို့လဲ.. အမဲလိုက်တာ တစ်ခုပဲလုပ်တတ်တဲ့သူကများ..
ငါနော်..
၆
ခု.. မိုးလည်းကုန်ပြီ.. တစ်မိုးတွင်းလုံး အပျင်းထူ ခဲ့တာကို အပျင်းရပ်ပြီးတောလည်ဖို့ပြောတာရှင့်..


ဒီတော့ မနက်ဖြန် စောစော ထပြီး.. တောဝင်ဖို့ ပြင်တော့..
ရွာထဲက.. ကုန်စုံဆိုင်မှာ တစ်မိုးတွင်းလုံး အကြွေးယူ စားထားတာတွေလည်းဆပ်ရမယ်လေ စားတုန်းကစားပြီး ခုတော့မေ့နေပလား
အေးပါကွာ မမေ့ပါဘူး
ဒီတော့.. ရှင်မနက်ဖြန် တောဝင်ရင် သားကောင်ကြီး ကြီးရအောင် ပစ်လာခဲ့
ဟာ မင်းပြောပုံက တောထဲမှာ အမဲပစ်တာ ဖိတ်စာကမ်းပြီး ပစ်တာ ကျနေတာပဲ..
ကြုံတဲ့ကောင်.. ကြုံသလိုပဲ ပစ်လို့ရမှာပေါ့ကွ..
မနက်ဖြန် သင်အပစ်ခံ အလှည့်ဖြစ် သည်။ ပုံ ထွက်ပီ
OOo!
ဖိတ်စာ
ကဲပါ.. ဒါဆိုလည်း.. ငါ့သေနတ်ယူပေး ဆေးကြောထားဦးမှဖြစ်မယ်..
ဘူး.. မခိုင်းရသေးဘူး ငါ.. ပြန်ခိုင်းနေပြီ.. ဟွန်း..
၃

သို့ဖြင့်ကျွန်ုပ်နှင့်
ဗိုက်ကလေးလည်း
နောက်တစ်နေ့
တွင်အမဲပြစ်ရန်
ရိုးမထဲသို့ . . ဝင်
ခဲ့ကြတော့သည်
တမုံ့ ။







ဗိုက်ကလေးကား အမဲမလိုက်ရသည်မှာ ကြာ
ပြီမို့အပျင်းထူ ဟန်ဖြင့် ခြေလှမ်းတို့က တုံ့နှေး
နေသည်မို့ . .












တောထဲတွင်.. အချို့နေရာ များ၌မြေသည်အငန် ဓါတ်ပေါက်နေတတ်သည်။ သတ္တဝါတိုင်းသည် အငန် ဓါတ်လို၏။ အငန်ဓါတ် ကား အမောအပန်းခံနိုင် သည်ကို.. တိရစ္ဆာန်များက သဘာဝအရသိ၏။

ထို့ကြောင့်တောထဲတွင် ခုန်ပေါက် ပြေးလွှားနေတတ်သော.. သမင်၊ ဒရယ် ချေ၊ ဆိုင်၊ ဆတ် မှအစ ကျွဲရိုင်းနှင့် ပြောင် လိုသတ္တဝါကြီးများအထိ.. ထို မြေကိုလာလျက် တတ်လေရာကြာသော် တွင်းသဖွယ် ဖြစ်လာသဖြင့် အလွယ်တကူ ဆားတွင်းဟုခေါ်နေခြင်းဖြစ်၏။






ကျွန်ုပ်ကား.. ဤတော.. ဤတောင်တွင် ကျက်စား ခဲ့သည်မှာကြာပြီဖြစ်မည် သည့်နေရာတွင် ဘာရှိသည် ကို သိပြီးဖြစ်ရကား ခရီးလှမ်းသော်လည်း ဆားတွင်းသို့အလွယ် ပင်ရောက်ရှိခဲ့၏။
ဗိုက်ကလေး.. ရှေ့မှာ ဆားတွင်း ရောက်တော့မယ်.. သတိရှိပစေ..
ထို့နောက်.. ကျွန်ုပ်တို့လည်း ဆားတွင်းနှင့်သေနတ် တစ်ကမ်းအကွာလောက်ရှိ.. ချုံနွယ်များတွင်ဝင်၍ နေရာယူရင်း စောင့်စားနေလိုက်ကြ၏။
..ဂျိး..
လှန် တယ်..
အတန်ကြာသော်.. သမင်တစ်ကောင် ဆားတွင်းသို့ရောက်လေချေရာ.. ကျွန်ုပ်လည်း ဝမ်းသာအားရနှင့် ပစ်မည် အပြုတွင်။
ဆတွက်.. မပစ်နဲ့.. မပစ်နဲ့..
၁၀




ဗိုက်ကလေးပြောလေမှ.. ကျွန်ုပ်လည်းအသေအချာ ကြည့်၏။ ဟုတ်ပ...ကိုယ်ဝန် ရှိနေသည့်သမင်မကြီးပါတကား။



လောဘကြောင့် ပစ်ချင်ဇောဖြင့်ကိုယ်ဝန်ကို မမြင်မိခြင်းပေတကား။
လောကတွင် ကိုယ်ဝန်ဆောင်မိခင်မှန်သမျှကို ဦးစားပေးရမည်မှာ
ကြင်နာတတ်သောနှလုံးသားရှိသူတိုင်း၏ အပြုအမူပင်မဟုတ်ပါလော။

၁၁




ထို့ကြောင့် ကျွန်ုပ်လည်းသမင်မကြီး အားဘေးမဲ့ပေး၍ဆက်ခေါင့် နေရာ...နေထန်းတစ်ဖျားရောက် သည့်ထိတစ်ကောင်မျှပေါ်မလာ၍






ဆာပေမဲ့....ခဏအောင့်
ထားပါဦးကွာ.....ဒီကောင်တွေက
အနံ့ခံသိပ်ကောင်းတာ....ဟင်း
နံ့ရသွားရင်လာတော့မှာ..
မဟုတ်ဘူး...ဆာတာတော့
ကျွန်ုပ်လည်းဆာတာပေါ့
ကျွန်ုပ်ဆိုကားမြစ်ချက်ကြောင့်
ဗိုက်ကလေးလည်း ဆာနေသောဗိုက်ကို
လက်ဖြင့်အသာမှတ်ရင်းသည်းခံနေရှာ၏။
ဆာတာကို..ဆာတယ်မှတ်
မှတ်..ဟင့်..ဟင့်
ခဏနေသော်...ဒရယ်ဖိုနှစ်ကောင်
မြူးတူးခွာဖြင့်ဆားတွင်းသို့ရောက်လာ၏
ဒရယ်တွေက သိပ်မကြီးသော်လည်းလက်
လွတ်ခံ၍ မဖြစ်သည့်မို့ကျွန်ုပ်လည်း ပစ်အံပြင်ခဲ့
ဆ..ဆတွတ်..မပစ်ပါနဲ့ဗျာ..
လုပ်ပြန်ပြီ
ဘာဖြစ်လို့လဲကွ
ကျွန်ုပ်သေသေချာချာ
ကြည့်ပါတယ် ဘယ်ကောင်မှ
ဗိုးမပါပါဘူး
ဟွန်း..
၁၂



အဲဒါကို…ကျွန်တော်သိပါတယ်…မပစ်ပါနဲ့လို့တားရတာက..
သူတို့ကိုကြည့်ရတာ..ချစ်စ..ခင်စ..ကြင်နာစမောင်နှံတွေပုံပေါက်နေလို့ပါ…သူတို့ချစ်ခြင်းကို…မခွဲပါနဲ့လားဗျာ…နော်..ဆတွတ်ရယ်..
တော်တော့..ဗိုက်ကလေး..နင့်ပုံနဲ့ဆို..တစ်ကောင်မှမပစ်ရဘဲလက်ချည်းပြန်နေရလိမ့်မယ်..ကျုပ်တော့မရှောင်နိုင်ဘူးပစ်တော့မယ်
အချုပ်ဆိုရသော်…ကြောက်လန့်တကြားခုန်ရှောင်မိသောဒရယ်ဖိုကားဇီဝိန်ချုပ်၏။ ပူပူနွေးနွေးမုဆိုးမဖြစ်သွားရှာသောဒရယ်မကားအထိတ်တလန့်ထွက်ပြေးပျောက်ကွယ်သွားတော့သည်တကား။
ဒီနေ့ဒရယ်လေးကံမကောင်းပါလား..




ဦးနှစ်..မုဆိုးရာသီအခါကား..ကျွန်ုပ်အတွက် ပွဲဦးထွက်
ကောင်းခဲ့ချေပြီတည်း။ တောစဝင်သည့်နေ့ကွင်းပင်...ဒရယ်
တစ်ကောင်ရခဲ့သည်မို့ မသေးမျှင်မှာ ပျားရည်ဆမ်းသောမျက်နှာ
ဖြင့်ကျွန်ုပ်အကြိုက်ဟင်းများကိုချက်ပြုတ်ကျွေးမွေးရုံသာမက
ခြေဆုပ် လက်နယ်ပြုချင်စိတ်များပင်ပေါ်နေချေတော့သည်
တကား။
ကိုကိုထွက်...ညောင်းနေရင်
မျှင်...နင်းပေးမယ်လေ


ကျွန်ုပ်ကားယောက်ျားတို့သဘာဝမိန်းမဖြစ်သူ၏...အပြုအစုကိုခံလို
သော်လည်း..မသေးမျှင်နင်းလျှင်ဆင်နင်းခံရသကဲ့သို့သက်သာမှယ်
မဖြင်သည်မိုးချိုးချိုးသာသာပင်ငြင်းရချေတော့၏။
ကိုကိုတွတ်...ထိရဲ့လားဟင်
ကိုကိုတွတ်အသက်ထွက်
အဲလေ..နေပါစေ...မညောင်း
ပါဘူးကွယ့်..ဟဲ..ဟဲ
ဆိ...ဆိ
ဂ်ိ...
ဗိုက်ကလေးကားအခမ်မဖြစ်သူ
ထံမှ မုန့်ဖိုးအတော်ရထား
သဖြင့်ကြက်ပွဲရောက်နေလား၊
ထန်းရည်ဝိုင်းရောက်နေလား
မသိ..အိမ်ကပ်သည်ကိုမရှိချေ။
ဟိုလေ...ရှာ
မြောက်ပိုင်းကိုခင်မောင်
တို့ထမင်းဆိုင်မှာ
အကြွေးသွားတောင်း
ပေးစမ်းပါ
အဲ...ကိုကိုတွတ်ရေ..
ကျွန်မကိုတစ်ခုကူညီဦး
ဘာများပါလိမ့်
ဒရယ်သားတွေယူထားတာ...ဗိုက်ဆံ
ဒီနေ့ပေးမယ်ပြောထားတယ်..
ဟုတ်လား..
၁၅



ကျွန်မက...ဒီမှာ ကျွန်တဲ့ အသားလေးတွေကို ကြာကြာ ခံအောင်ဆားနယ်ပြီး အခြောက် လှန်းထားရဦးမှာမို့ပါ..
အေးပါကွာ ကျွန်ုပ်...သွားလိုက် ပါ့မယ်..
ကျွန်ုပ်အိမ်ကားရွာတောင်ပိုင်းတွင်ရှိရာ ရွာမြောက်ပိုင်းရောက်အောင်အတန်ပင် လျှောက်ရ၏ ။
ကိုခင်မောင်တို့ထမင်းဆိုင်ကားတခြားရွာများသို့သွားရာခရီးလမ်းမတွင် ရှိသည့်အတွက် ခရီးသွားတို့ကို အားပြုရောင်းရသောဆိုင်ဖြစ်ကာ အတော်အတန်စီးပွားဖြစ်သည်ဟုဆိုရပေချိမ့် ။
၁၆
ဘန့်ဘွေးကန်းသို့ ⇨ ၈မိုင်
ပေါက်ကြာရိုးရွာသို့(၉)မိုင်
ဆိုင်ရှင်ကိုခင်မောင်ကား သဘောကောင်းပြီး ဆက်ဆံရေးကောင်း၏ ။ ဤဆိုင်လေးသည် သူ့ကြောင့်သက်ဆိုး ရှည်နေခြင်းဖြစ်၏ ။
ဟော...ဦးတွတ်ပီ..လာ..လာ မမျှင် အကြွေးတောင်းခိုင်း လိုက်တယ်ထင်တယ်
ဟုတ်တယ် မျိုး..



သူ့မိန်းမ ဂျမ်းဘုံမှာမူ
နာမည်နှင့်လိုက်အောင်
နှုတ်အားကြမ်းတမ်းပြီး
သူ့ကြောင့်စားသုံးသူ
တို့နှင့်မိတ်ပျက်ရပေါင်း
များလှသူဖြစ်ပေချိမ့်။
ဟဲ့..တစ်ပဲနဲ့..ငါးကြင်းခေါင်းကိုင်
ချင်လို့ရမလား...မစားချင်
သွား..
ဝင်း
ထမင်းဆိုင်
ကောင်း
လိုက်တဲ့
ဆက်ဆံရေး
ရော့...ဦးတွတ်ပီ..ဒီမှာပိုက်ဆံ
ရောက်တုန်း...ထန်းလျက်လေးနဲ့အပန်
ရည်သောက်သွားဦး...ကျွန်တော်ကတော့
ကွအရှေ့ပျားခဏသွားလိုက်ဦးမယ်
နော်..
ဟုတ်ကဲ့
ပြန်ရမည့်ခရီးကားလှမ်း
သည်မို့ကျွန်ုပ်လည်း
အညောင်းဖြေ...အမော
ဖြေသည့်အနေနှင့်ပင်
ဝင်ထိုင်ရင်း...ရေနွေးသောက်
ထန်းလျက်စားလုပ်နေမိ၏။
ထိုအခိုက် နောက်ဘက်မှဆူဆူညံညံအသံများကြား၍ လှည့်ကြည့်မိရာ
မဂျမ်းဘုံသည်အသက်ကြီးကြီးဆင်းဆင်းရဲရဲဟန်ပေါက်နေသည့်လူကြီး
တစ်ဦးအားကြမ်းမောင်းနေသည်ကိုတွေ့လိုက်ရချေ၏။
၁၇
ထမင်းကိုတစ်ဝတစ်ပြဲစားပြီး
ပိုက်ဆံမပါဘူးဆိုလို့ရမလားတော့
ဟို...
ဟို


ဒါ..ထမင်းဆိုင်
စတုဒိသာမဏ္ဍပ်
မဟုတ်ဘူးဆိုတာ..
သေကာနီးတာတောင်
နားမလည်ဘူးလား
ကျုပ်...ကျုပ်ဆာလွန်းလို့စားမိတာပါ
ကုမကြီးရယ်...ဒီအတွက်လည်းကျုပ်ကို
ခိုင်းချင်တာခိုင်းပါ..
ကျုပ်...ကျေအောင်
အလုပ်နဲ့ဆပ်ပါမယ်
ကုမကြီးရယ်
အို...မလိုပါဘူး
ဒီမှာအလုပ်သမား
အပြည့်အစုံရှိတယ်..
ဝင်း
ဟဲ..ရှည်ရှည်ဝေးဝေးပြောမနေဘူး..ပိုက်ဆံပေး
မပေးနိုင်လို့ကတော့...သူကြီးအိမ်ပို့ပြီး..
ထိတ်တုံးခတ်ခိုင်းရမှာပဲ...ဒါပဲ..
တောင်းပန်
ပါတယ်
ကွယ်..


ကျွန်ုပ်လည်း ရှူကြီးအားအကဲခတ်ကြည့်ရာ.. သူ့ပုံစံ
မှာ ဤသို့လိမ်လည်စားသောက်တတ်သည့် ပုံစံမဟုတ်
သည့်ပြင် ကောင်းစွာကျန်းမာပုံမရသည်ကို တွေ့ရ၍ ။
အဟွတ်... ဟွတ်
ကဲပါဗျာ.. မဂျမ်းဘဲ့ ဦးလိုလုပ်ပါ
ခင်ဗျားလည်းပြဿနာလုပ်မနေနဲ့တော့.. ဦးဦးကြီးစားထားသမျှ.. ကျွန်ုပ်ရှင်းပေးပါမယ် ဟုတ်ပလား
ဘယ်သူရှင်းရှင်း ကျုပ်ကတော့ ထမင်းဖိုးရရင်ပြီးတာပဲ ဟွန်း
သို့ဖြင့်.. ကျွန်ုပ်လည်း.. လက်ထဲတွင်ကြွေးရထားသောငွေထဲမှထမင်းဖိုးရှင်းပေးလိုက်၏ ။
ကျေးဇူးကြီးလှပါတယ်ငါ့တူကြီးရယ် ငါ့တူကြီးကျေးဇူးကိုတစ်နေ့ကျရင် ကျုပ်ပြန်ဆပ်ပါ့မယ်..
မလိုပါဘူး ဦးကြီးရယ်..